**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်၊ ၂/၂၀၁၇**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန် လ ၁၉ ရက် )**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | လက်ထောက်ဆရာဝန်/လက်ထောက်ဆရာဝန် (သုတေသနအရာရှိ)/လက်ထောက်ဆရာဝန် (ဦးစီးအရာရှိ)/ ဦးစီးအရာရှိ/ ဌာနစုမှူး(လက်ထောက်ဆရာဝန်) | ၁၇၂၂ နေရာ | M.B.B.S |
| ( ခ ) | လက်ထောက်ဆရာဝန်(သွား) | ၃၀၀ နေရာ | B.D.S |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၇ - ၇ - ၂၀၁၇ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်(သို့မဟုတ်)တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူနိုင်ပြီး ၇-၇-၂၀၁၇ရက်နေ့အရောက် လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့** ပေးပို့လျှောက်ထားရမည်။

၄။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၅ - ၆ - ၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂၄၅ /ရွေးချယ်ရေး(အခိက)၂၀၁၆ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့်အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ ။**

၂/သို့

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေ ၁၅ ကို ကျင့်သုံးလျက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေစစ်ဆေးခြင်းကို ၁၆-၈-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၁၇-၈-၂၀၁၇ရက်နေ့တွင်လည်းကောင်းစတင်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင်ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့စာဖြင့်အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။ နေ့ရက်အလိုက် လူတွေ့စစ်ဆေးခြင်းခံယူမည့်သူများ၏ခုံအမှတ်၊အမည်စာရင်းတို့ကိုအဖွဲ့၏ Website နှင့် Facebook တို့တွင်၁၄-၈-၂၀၁၇ရက်နေ့မှစတင်ကြေညာပေးမည်ဖြစ်ပါသည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၈၀၅၂ နှင့် ၀၆၇ - ၄၀၈၄၃၀)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm ၊ www.ucsb.gov.mm ၊ Ucsb Myanmar facebook တို့တွင်လည်း ဖော်ပြထားပါသည်။